# အမြင်အာရုံရဲ့ ခံစားတတ်မှုကိုပြခဲ့တဲ့ ဓာတ်ပုံပြပွဲ

သူတို့ရဲ့စွမ်းဆောင်ရည်က ထူးခြားတယ်။ ကျွန်မတို့ မျှော်လင့်ထားတာထက်ကို ပိုကောင်းအောင် လုပ်နိုင်တဲ့အတွက် အရမ်းဝမ်းသာရပါတယ်...



**ကိုယ်တိုင်ဖန်တီးထားတဲ့ ဓာတ်ပုံတွေ နောက်ခံထားလို့ ဓာတ်ပုံရိုက်ခံနေတဲ့ မေရီချက်ပ်မင်းကျောင်းက ကလေးငယ်များ။** ဓာတ်ပုံ - ဆိုင်းမိုင်

**ငြိမ်းအိအိထွေး**

“**အကြားအာရုံ** ချို့တဲ့သူတွေက အမြင်အာရုံမှာ တခြားသူထက်ပိုသာတယ်။ အဲဒီတော့ သူတို့ရဲ့ စွမ်းဆောင်ရည်တွေက ထူးထူးခြားခြားလေး ဖြစ်နေတာပေါ့။”

မေရီချက်မင်းနားမကြားကျောင်းက ကျောင်းသား၊ ကျောင်းသူလေးတွေဖန်တီးထားတဲ့ ဓာတ်ပုံလက်ရာတွေနဲ့ကျင်းပတဲ့ပြပွဲလေးမှာ ကလေးတွေရဲ့ သင်တန်းဆရာမဖြစ်တဲ့ အမေရိကန်လူမျိုး ဓာတ်ပုံ ဆရာမလေး **Elease Lui** က သူ့သင်တန်းသားတွေရဲ့လက်ရာတွေကို ကျေနပ်စွာကြည့်ရင်း ပြောလိုက်တာပါ။

ကလေးတွေဟာ အမေရိကန်စင်တာက တစ်ပတ်ကြာပို့ချပေးတဲ့ ဓာတ်ပုံသင်တန်းကို တက်ရောက်ခဲ့ပြီးနောက် လက်တွေ့ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံလက်ရာတွေကို အောက်တိုဘာလ ၁၅ ရက်ကနေ ၁၇ ရက်နေ့အထိ မေရီချက်မင်းကျောင်းမှာပဲ ပြပွဲအဖြစ် ပြသခဲ့တာပါ။

“ကလေးတွေကို ဓာတ်ပုံပညာရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အရောင်ရွေးချယ်နည်းတွေ၊ သက်ငြိမ်အရာဝတ္ထုတစ်ခုကို အလွယ်ဆုံးဓာတ်ပုံရိုက်နည်းတွေကို သင်ပေးခဲ့ပါတယ်။ ကျွန်မတို့ မျှော်လင့်ထားတာထက်ကို ပိုကောင်းအောင် လုပ်နိုင်တဲ့အတွက် အရမ်းဝမ်းသာရပါတယ်”လို့ မစ္စလူဝီက ဆက်ပြောပြန်တယ်။

ကျောင်းသား ၁၅ ယောက်ရဲ့ သက်ငြိမ်ဓာတ်ပုံ

> ## ဓာတ်ပုံသင်တန်းဆင်းတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး ကန်တော်ကြီးဥယျာဉ်ကို သွားလည်တယ်။ ”

၂၀ကျော်ပြသခဲ့ပြီး ပါဝင်ပြသတဲ့ ကလေးငယ်တွေဟာ ပညာရေးဘက်မှာတော့ အားနည်းနေတယ်လို့ မေရီချက်မင်းကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြက ပြောပြပါတယ်။

“ဆရာမကြီးတို့ကလည်း သင်တန်းအတွက် အမေရိကန်စင်တာက လှမ်းဖိတ်တော့ စာတော်တဲ့ကလေးတွေထက် အနုပညာဘက်မှာ အားသန်တဲ့သူတွေကို ရွေးရတာပေါ့။ ဒါမှ သူတို့လေးတွေ ကျောင်းစာမလိုက်နိုင်တဲ့အခါ အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်ကို ဝါသနာပါပါနဲ့ လေ့လာနိုင်မှာလေ။ အဲဒီအတွက်လည်း သင်တန်းအတွက်ရော ဓာတ်ပုံပြပွဲအတွက်ပါ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်” လို့ ဆရာမကြီးက ဆိုပါတယ်။

တွေ့မြင်နေကျသက်ရှိသက်မဲ့တွေကိုပဲ ကလေးတွေက သူတို့ကိုယ်ပိုင်စိတ်ကူးတွေနဲ့ ရိုက်ကူးတင်ပြတဲ့ ဓာတ်ပုံတွေထဲမှာ ကရဝိတ်လှေကို နောက်ခံထားပြီး ကရဝိတ်လှေပုံပန်းချီကားနဲ့ တွဲစပ်ရိုက်ကူးထားတဲ့ဓာတ်ပုံလေးက ပြပွဲလာရောက်ကြည့်ရှုသူတော်တော်များများကို ဆောင်နိုင်တာကို တွေ့ရပါတယ်။

“ဓာတ်ပုံသင်တန်းဆင်းတော့ ကျွန်တော် တစ်ဖွဲ့လုံး ကန်တော်ကြီးဥယျာဉ်ကို သွားလည် တယ်။ မိုးတွေကလည်း ရွာနေတော့ ပြပွဲအတွ ဓာတ်ပုံရိုက်ရတာ တော်တော်ခက်ပါတ ဒါပေမယ့် ကျွန်တော်မတ်တပ်ရပ်နေတဲ့ လက် မှာ ဆွဲထားတဲ့ကရဝိတ်ပုံကို လှမ်းမြင်နေရ ကရဝိတ်လှေကြီးနဲ့တွဲပြီး ရိုက်ဖို့ စိတ်ကူးရသ တာပါ”လို့ အသက် ၁၅ နှစ်အရွယ် သတ္တမတ ကျောင်းသားလေး မောင်ဆောင်းရိမ်က သူဓာ လေးဖန်တီးဖြစ်ခဲ့ပုံကို လက်ဟန်ခြေဟန်နဲ့ ပြော ပါတယ်။

ပြပွဲမှာ သင်တန်းသားကလေးတွေ အားလုံး သူတို့ရဲ့ သင်တန်းဆင်းလက်မှတ်လေးတွေ လက်ထဲမှာ ဂုဏ်ယူစွာဆုတ်ကိုင်ပြီး နံရံမှာ ချိတ် ပြသထားတဲ့ သူတို့လက်ရာတွေကို လှည့်လ ကြည့်ရှုရင်း ကျေနပ်ပျော်ရွှင်နေကြတာမို့ ပြပွဲ သူတွေဆီပါ ကူးစက်ပျော်ရွှင်စေခဲ့ပါတယ်။